လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင် ကွယ်လွန်ခြင်းအတွက်
## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ပေးပို့သော သဝဏ်လွှာ

ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲတွင်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီရရှိရေးတိုက်ပွဲတွင်လည်းကောင်း ဦးဆောင် ဦးရွက် ပါဝင်ဆောင်ရွက်ခဲ့သော ရဲဘော်သုံးကျိပ်ဝင် အဘဗိုလ်မှူးအောင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့်အတူ ကျနော်တို့ပါတီက ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းပါသည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲတွင်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီရရှိရေး တိုက်ပွဲများတွင် ‘ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ’ ထူထောင်၍လည်းကောင်း၊ နောက်ပိုင်းတွင် ‘ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့’ တွင်ပါဝင်ပြီး အဘဗိုလ်မှူးအောင်၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ကျနော်တို့ပါတီက အလေးအနက် ဂုဏ်ယူတန်ဖိုးထား မှတ်တမ်းတင်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ(၁၀)ရက်။